# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်

ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေအဆိုပြုတင်ပြချက်

အနှစ်ချုပ်

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ( ၁၀ ) ရက်

ဤစာစောင်ပါ ကိန်းဂဏန်းအချက်အလက်များသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ (က) နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရာတွင် အနှစ်ချုပ်ပြုစုဖော်ပြသော ကိန်းဂဏန်းအချက်အလက်များ ဖြစ်ပါသည်။ ပြည်ထောင်စု လွှတ်တော်က အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဥပဒေကြမ်းအပေါ် ဆွေးနွေးသုံးသပ်၍ အတည်ပြုပြီးသည့်အခါ အတည်ပြုချက်နှင့်အညီ ပြည်သူများရှင်းလင်းလွယ်ကူစွာ လေ့လာ ဖတ်ရှုနိုင်စေရန် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ဆိုင်ရာအချက် အလက်များစာစောင် (Citizen's Budget) အား ထပ်မံပြုစု ထုတ်ဝေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီးပွားရေးအခြေအနေအကျဉ်းချုပ်

❖ တစ်မျိုးသားလုံး၏ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ကျပ် ၉၁,၃၁၉ ဘီလီယံ ဟု ခန့်မှန်းသည်။ စီးပွားရေးတိုးတက်မှုနှုန်းကို ၇.၀% ဟုခန့်မှန်းသည်။

❖ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် -

(၁) ပြည်ထောင်စု၏ စုစုပေါင်းရငွေကို ကျပ် ၁၆,၇၆၈ ဘီလီယံ ဟုခန့်မှန်းသည်။

(၂) ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၂၀,၈၉၆ ဘီလီယံ ဟုခန့်မှန်းသည်။

(၃) ထို့ကြောင့် ပြည်ထောင်စု၏ စုစုပေါင်းလိုငွေမှာ ကျပ် ၄,၁၂၈ ဘီလီယံ ဟုလျာထား ပါသည်။

❖ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်အကောက်ရငွေ စုစုပေါင်း ကျပ် ၆,၄၈၁ ဘီလီယံ ဖြစ်သည်။

❖ ပြည်ထောင်စု၏အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၇.၁% ဖြစ်သည်။

❖ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄.၅၂ % ဖြစ်သည်။

❖ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၇.၉၀% ခန့် ရှိနိုင်သည်။

❖ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရေးဆွဲရာ၌ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ၏ ငွေကြေး လဲလှယ်နှုန်းကို ၁,၁၈၅ ကျပ် ဖြင့် ရေးဆွဲထားသည်။

❖ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄,၀၀၀ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅,၀၀၀ သန်း ဟုခန့်မှန်းသည်။ ထို့ကြောင့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၉,၀၀၀ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁,၀၀၀ သန်း ဖြစ်သည်။

ဖစ်မြစ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီးပွားရေးအခြေအနေ ရှေ့အလားအလာများနှင့် ခြုံငုံသုံးသပ်ချက်များ

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၉၁,၃၁၉,၄၃၂.၇ သန်း ရရှိရန်နှင့် စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂။ ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၄.၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၉.၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၆.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် လျာထားပါသည်။

၃။ လယ်ယာကဏ္ဍကြီးတွင် အဓိကအားဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရာသီဥတုကောင်းမွန်ပြီး၊ မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု အလားအလာ ပိုမိုကောင်းမွန်မည်ဟု ခန့်မှန်းထားပါသည်။ တောင်သူများဝင်ငွေပိုမိုရရှိသည့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှုကိုလည်း ပိုမိုထုတ်လုပ်နိုင်မည်ဟုမျှော်မှန်းထားရှိပါသည်။ အသားနှင့်ငါးထုတ်လုပ်မှုတွင်လည်း ပြည်တွင်းစားသုံးမှုသာမက ပြည်ပတင်ပို့ရန်နှင့် ပြည်တွင်း၌ပင် ထပ်ဆင့်တိုးတန်ဖိုးရရှိရေး ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

၄။ စက်မှုကဏ္ဍကြီးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းနှင့်အတူ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် အထူးသဖြင့် စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးလာခြင်းနှင့်အတူ ထုတ်လုပ်မှုများ ပိုမိုထွက်ရှိမည်ဟု ရည်မှန်းထားပါသည်။ ထို့အပြင် အခြေခံအဆောက်အအုံများဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများတည်ဆောက်ခြင်း၊ လမ်းများ၊ တံတားများအသစ် ဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပါသည်။

၅။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့ပြီး ကုန်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးရန် ရည်မှန်းထားပါသည်။ ထို့အပြင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးရန်နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ တိုးတက်ရန် မျှော်မှန်းထားပါသည်။

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

❖ နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ကိုဖြစ်ပေါ်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေရန်၊ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်းပေးရန်၊

❖ ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်က ထိန်းညှိပေးရန်၊

❖ ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အပံ့ဖြစ်စေရန်၊

❖ ခနအင်အားမျှတစေရန်၊

❖ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန်။

## အသုံးစရိတ်မူဝါဒ

❖ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက် တိုးမြှင့်သုံးစွဲရန်၊

❖ ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

❖ ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကိုစနစ်တကျစိစစ်ခွင့်ပြုရန်၊

❖ စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲပြီးလတ်တလောမလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊

❖ ပစ္စည်းဝယ်ယူမှုများကိုစနစ်တကျ စိစစ် ဆောင်ရွက်ရန်၊

❖ ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများကို စိစစ်ရယူရန်၊

❖ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို စနစ်တကျ စိစစ်သုံးစွဲရန်၊


❖ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး တိုးမြှင့်သုံးစွဲရန်။

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ရငွေ | ၁၆,၇၆၈ | ၂,၄၇၅ | ၁၉,၂၄၃ | ၂၁.၀၇ % |
| အသုံးစရိတ် | ၂၀,၈၉၆ | ၂,၄၇၅ | ၂၃,၃၇၁ | ၂၅.၅၉ % |
| လိုငွေ | ၄,၁၂၈ | | ၄,၁၂၈ | ၄.၅၂% |
| ဂျီဒီပီတန်ဖိုး | | | ၉၁,၃၁၉ | |

ပြည်ထောင်စု၏ အခွန်အကောက်ရငွေ (ခန့်မှန်းခြေ)



## ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအလိုက် အရ၊ အသုံးအခြေအနေ

(ကျပ်သန်းပေါင်း)


| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေ | အသုံးစရိတ် | ပိုငွေ(+) လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၄,၁၉၅.၉၂၁ | ၉၀,၄၃၁.၁၇၈ | - ၈၆,၂၃၅.၂၅၇ |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၉,၉၃၂.၄၆၉ | -၉,၉၃၂.၄၆၉ |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၉၉.၀၆၀ | ၁,၆၆၂.၀၉၄ | -၁,၅၆၃.၀၃၄ |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁,၆၇၆.၄၀၀ | ၃,၀၂၄.၀၃၀ | -၁,၃၄၇.၆၃၀ |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၀.၂၀၀ | ၁၀,၇၄၂.၇၄၆ | -၁၀,၇၄၂.၅၄၆ |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၄၀၀ | ၆,၅၄၅.၅၃၄ | -၆,၅၄၅.၁၃၄ |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၉၀.၀၅၀ | ၂၇,၃၇၈.၂၈၉ | -၂၇,၂၈၈.၂၃၉ |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၅၀ | ၈၃၇.၇၄၆ | -၈၃၇.၆၉၆ |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၁.၂၀၀ | ၁၀,၈၅၃.၉၀၁ | -၁၀,၈၅၂.၇၀၁ |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၃၈.၆၀၀ | ၃,၃၁၀.၇၃၅ | -၃,၂၇၂.၁၃၅ |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂,၂၄၇.၂၉၁ | ၆,၈၃၆.၆၆၄ | -၄,၅၈၉.၃၇၃ |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၄၂.၆၇၀ | ၉,၃၀၆.၉၇၀ | -၉,၂၆၄.၃၀၀ |
| ၂ | | ဝန်ကြီးဌာနများ | ၁၅,၀၀၀,၂၇၄.၇၀၀ | ၁၉,၂၃၈,၃၈၁.၈၉၆ | -၄,၂၃၈,၁၀၇.၁၉၆ |
| | ၁ | နိုင်ငံခြားရေး | ၁,၈၁၀.၁၄၂ | ၅၇,၆၂၇.၀၈၉ | -၅၅,၈၁၆.၉၄၇ |
| | ၂ | သမ္မတရုံး | | | |
| | ၃ | ပြည်ထဲရေး | ၈၄,၃၉၅.၈၅၀ | ၄၀၃,၀၈၁.၆၈၇ | -၃၁၈,၆၈၅.၈၃၇ |
| | ၄ | ကာကွယ်ရေး | ၇၃,၁၁၁.၄၀၀ | ၂,၉၁၅,၄၂၇.၄၃၄ | -၂,၈၄၂,၃၁၆.၀၃၄ |
| | ၅ | နယ်စပ်ရေးရာ | ၃,၇၈၀.၁၀၆ | ၁၁၂,၁၄၈.၇၀၀ | -၁၀၈,၃၆၈.၅၉၄ |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၂,၃၄၅.၁၆၂ | -၂,၃၄၅.၁၆၂ |
| | ၇ | ပြန်ကြားရေး | ၃၅,၇၅၃.၀၃၇ | ၆၀,၀၅၄.၉၆၇ | -၂၄,၃၀၁.၉၃၀ |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၃၈,၂၄၉.၈၃၄ | ၃၁,၅၃၃.၉၄၉ | + ၆,၇၁၅.၈၈၅ |
| | ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၇၈၇,၆၇၅.၀၃၂ | ၁,၂၄၆,၉၉၃.၄၄၇ | -၄၅၉,၃၁၈.၄၁၅ |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁,၄၁၃,၃၃၄.၀၃၆ | ၇၆၅,၅၇၃.၁၄၀ | + ၆၄၇,၇၆၀.၈၉၆ |
| | ၁၁ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၃၃၂,၀၈၈.၃၁၇ | ၃၃၉,၇၉၃.၃၀၆ | - ၇,၇၀၄.၉၈၉ |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄,၃၉၉,၂၆၀.၈၈၇ | ၄,၄၉၇,၂၉၀.၈၉၀ | -၉၈,၀၃၀.၀၀၃ |


(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေ | အသုံးစရိတ် | ပိုငွေ(+) လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| | ၁၃ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၃၁,၈၇၃.၈၁၄ | ၃၆,၃၂၄.၇၇၃ | -၄,၄၅၀.၉၅၉ |
| | ၁၄ | စက်မှု | ၂၀၁,၅၂၈.၅၁၀ | ၅၀၅,၁၇၁.၉၀၈ | -၃၀၃,၆၄၃.၃၉၈ |
| | ၁၅ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၁၂,၄၉၅.၉၃၃ | ၁၃,၃၇၇.၀၆၆ | -၈၈၁.၁၃၃ |
| | ၁၆ | ပညာရေး | ၁၁၉,၅၀၄.၉၁၂ | ၁,၇၆၄,၂၆၈.၈၈၄ | -၁,၆၄၄,၇၆၃.၉၇၂ |
| | ၁၇ | ကျန်းမာရေးနှင့် အားကစား | ၂၅၃,၄၅၅.၄၈၁ | ၁,၀၇၇,၈၈၈.၂၈၂ | -၈၂၄,၄၃၂.၈၀၁ |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၆,၉၀၅,၄၆၀.၄၃၉ | ၄,၈၄၂,၈၇၀.၇၂၆ | +၂,၀၆၂,၅၈၉.၇၁၃ |
| | ၁၉ | ဆောက်လုပ်ရေး | ၂၇၄,၂၁၄.၈၈၇ | ၅၀၃,၀၆၉.၀၉၃ | -၂၂၈,၈၅၄.၂၀၆ |
| | ၂၀ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁၀,၅၄၀.၃၅၁ | ၅၂,၄၁၈.၉၈၁ | -၄၁,၈၇၇.၆၃၀ |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၂၀,၇၄၀.၇၃၂ | ၇,၄၅၃.၄၀၃ | +၁၄,၂၈၇.၃၁၉ |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၃,၆၆၈.၉၉၉ | -၃,၆၆၈.၉၉၉ |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၄၉၆,၀၉၆.၉၈၅ | ၃၄၆,၁၁၀.၇၆၄ | +၁၄၉,၉၈၆.၂၂၁ |
| ၄ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁,၂၀၆.၅၀၈ | ၁,၂၁၆.၀၀၀ | -၉.၄၉၂ |
| ၅ | | နေပြည်တော်ကောင်စီ | ၁၀၆.၄၂၃ | ၂၇,၃၁၆.၁၅၄ | -၂၇,၂၀၉.၇၃၁ |
| ၆ | | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၄၀,၆၈၂.၇၆၉ | ၄၀,၄၇၂.၁၄၀ | +၂၁၀.၆၂၉ |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | ၁,၁၄၇,၀၃၄.၅၄၂ | ၁,၁၃၇,၁၁၇.၈၂၈ | +၉,၉၁၆.၇၁၄ |
| ၈ | | လူမှုဖူလုံရေးအဖွဲ့ | ၇၈,၇၈၀.၀၀၀ | ၁၅,၃၈၆.၈၁၇ | +၆၃,၃၉၃.၁၈၃ |
| | | စုစုပေါင်း( ၁ + ၂ + ၃ + ၄ + ၅ + ၆ + ၇ + ၈ ) | ၁၆,၇၆၈,၃၇၇.၈၄၈ | ၂၀,၈၉၆,၄၃၂.၇၇၇ | -၄,၁၂၈,၀၅၄.၉၂၉ |


( ရငွေခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေများပါဝင်ပါသည်။ အသုံးစရိတ် ခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်း အသုံးစရိတ်များ ပါဝင်ပါသည်။)

# ဘဏ္ဍာရေးနှစ်အလိုက်ပညာရေးနှင့်ကျန်းမာရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲမှုအခြေအနေ



## ဘဏ္ဍာရေးနှစ်အလိုက်ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့ဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ




၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေ တို့ဖြင့် သုံးစွဲမည့် အသုံးစရိတ်များတွင် နိုင်ငံခြားငွေဖြင့်ပြည်ပအကူအညီရငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ **၃၄၇.၆၉၇** သန်းနှင့် နိုင်ငံခြားငွေဖြင့် ပြည်ပချေးယူရငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ **၁,၆၁၇.၆၁၆** သန်းတို့ ပါဝင်သည်။

### ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်၏ပြည်တွင်းပြည်ပ ကြွေးမြီလက်ကျန်အခြေအနေ

နိုင်ငံတော်၏ ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် (၃၁-၁၂-၂၀၁၆)ရက်နေ့အထိ ပြည်တွင်း၊ ပြည်ပ ကြွေးမြီ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီ | ဂျီဒီပီ၏ % | ပြည်ပကြွေးမြီ | ဂျီဒီပီ၏ % |
|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ | ၉,၉၃၈ | ၂၁.၃% | ၆,၃၃၅ | ၁၃.၆% |
| ၂၀၁၂-၂၀၁၃ | ၁၀,၈၂၄ | ၂၁.၁% | ၇,၃၀၀ | ၁၄.၂% |
| ၂၀၁၃-၂၀၁၄ | ၁၂,၀၁၄ | ၂၀.၃% | ၉,၅၆၁ | ၁၆.၁% |
| ၂၀၁၄-၂၀၁၅ | ၁၂,၄၈၇ | ၁၈.၉% | ၉,၅၄၅ | ၁၄.၄% |
| ၂၀၁၅-၂၀၁၆ | ၁၅,၇၂၄ | ၂၁.၄% | ၁၂,၂၄၆ | ၁၆.၇% |
| ၂၀၁၆-၂၀၁၇ (၃၁-၁၂-၂၀၁၆နေ့အထိ ) | ၁၆,၃၃၄ | ၂၀.၁% | ၁၀,၆၅၃ | ၁၃.၁% |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်

## ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေစာရင်းတို့ဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန /အဖွဲ့အစည်း | ပြည်ပ အကူအညီရငွေ | ပြည်ပ ချေးယူရငွေ |
|---|---|---|---|
| ၁ | ပြည်ထောင်စုလွှတ်တော်ရုံး | ၆၆၃.၆၀၀ | ၉၉၅.၄၀၀ |
| ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၈၃၇.၁၈၀ | ၁,၂၅၅.၇၇၁ |
| ၃ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၂၃.၁၄၂ | |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | | ၆၆,၅၀၀.၀၀၀ |
| ၅ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၃,၅၅၅.၀၀၀ | |
| ၆ | ပြန်ကြားရေးဝန်ကြီးဌာန | ၅၁၁.၇၂၀ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၂၄,၆၇၄.၉၃၁ | ၄၂၆,၈၃၉.၂၄၀ |
| ၈ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၄၆,၄၇၆.၂၁၂ | ၂၄၆,၁၄၁.၅၃၅ |
| ၉ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂,၆၀၈.၀၂၃ | |
| ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၃,၂၀၂.၃၁၃ | ၃၆၉,၈၅၈.၈၃၆ |
| ၁၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ၈၈၀.၀၀၀ | |
| ၁၂ | စက်မှုဝန်ကြီးဌာန | ၅၀၁.၄၅၀ | ၅၄,၂၅၂.၀၀၀ |
| ၁၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၅၃၉.၀၈၀ | |
| ၁၄ | ပညာရေးဝန်ကြီးဌာန | ၄၇,၂၉၇.၁၆၉ | ၅၂,၀၆၂.၉၇၅ |
| ၁၅ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၂၁၁,၉၂၈.၈၄၂ | ၃၁,၅၀၃.၅၃၁ |
| ၁၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၁၁၉,၆၇၆.၃၇၂ | ၃၄၆,၈၄၂.၈၅၈ |
| ၁၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၃၇,၄၉၀.၁၉၉ | ၁၈၁,၆၀၃.၄၄၄ |
| ၁၈ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၉၉၃.၂၂၅ | |
| ၁၉ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၃,၀၅၃.၅၆၀ | |
| ၂၀ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | | ၃,၉၅၇.၉၀၀ |
| | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | | |
| ၂၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၄,၀၁၄.၀၀၁ | ၉၉,၁၁၄.၈၂၂ |
| ၂၂ | ကော်ပိုရေးရှင်းများ | | ၃၆,၃၈၅.၃၂၃ |
| | စုစုပေါင်း | ၆၁၈,၉၂၅.၉၇၉ | ၁,၉၁၇,၃၁၃.၆၁၅ |

ပြည်ပအကူအညီရငွေဖြင့် သုံးစွဲသည့် အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၃၄၇,၆၉၇,၃၉၀ နှင့် ပြည်ပချေးယူရငွေဖြင့် သုံးစွဲသည့် အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၁,၆၁၇,၆၁၅,၆၈၅ တို့ ပါဝင်ပါသည်။

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့
# ခွဲဝေပေးမည့် အခွန်ဝေစုများလျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခွဲဝေပေးမည့် အခွန်ဝေစု |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ၆,၄၇၆.၈၈၂ |
| ၂ | ကယားပြည်နယ် | ၄,၀၆၃.၀၂၇ |
| ၃ | ကရင်ပြည်နယ် | ၅,၈၈၀.၀၃၇ |
| ၄ | ချင်းပြည်နယ် | ၇,၆၆၁.၈၂၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈,၇၂၆.၆၆၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄,၈၉၆.၆၂၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆,၄၅၇.၀၂၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၃၂၄.၁၃၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၄၂၃.၀၄၉ |
| ၁၀ | မွန်ပြည်နယ် | ၄,၂၉၂.၀၇၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၈,၈၇၉.၂၀၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၂၁,၆၀၃.၈၃၇ |
| ၁၃ | ရှမ်းပြည်နယ် | ၁၁,၇၀၁.၅၅၄ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၃၆၃.၁၃၂ |
| | စုစုပေါင်း | ၂၁၆,၇၄၉.၀၆၄ |

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
# တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရ၊ အသုံး အခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရငွေ | သုံးငွေ | ပိုငွေ (+)/လိုငွေ(-) |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၈,၇၄၁.၇၄၄ | ၁၇၂,၃၈၈.၀၈၇ | -၁၅၃,၆၄၆.၃၄၃ |
| ၂ | ကယားပြည်နယ် | ၆,၃၂၈.၉၁၃ | ၅၇,၇၇၀.၉၈၆ | -၅၁,၄၄၂.၀၇၃ |
| ၃ | ကရင်ပြည်နယ် | ၁၀,၇၂၄.၇၄၀ | ၈၆,၀၀၅.၃၈၆ | -၇၅,၂၈၀.၆၄၆ |
| ၄ | ချင်းပြည်နယ် | ၉,၅၈၄.၁၂၃ | ၁၄၂,၁၁၁.၇၅၉ | -၁၃၂,၅၂၇.၆၃၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၁,၃၀၃.၄၉၀ | ၂၀၈,၄၂၃.၈၉၉ | -၁၇၇,၁၂၀.၄၀၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၁,၀၇၅.၅၉၇ | ၁၅၇,၄၅၉.၈၈၃ | -၁၄၆,၃၈၄.၂၈၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၀,၃၆၅.၁၈၂ | ၁၅၈,၀၅၆.၆၅၇ | -၁၂၇,၆၉၁.၄၇၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၂,၈၇၈.၅၈၄ | ၁၆၅,၈၆၆.၇၃၄ | -၁၄၂,၉၈၈.၁၅၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၄၃,၄၀၁.၈၁၅ | ၂၅၁,၆၉၈.၆၃၈ | -၁၀၈,၂၉၆.၈၂၃ |
| ၁၀ | မွန်ပြည်နယ် | ၁၄,၄၃၉.၆၅၇ | ၈၆,၃၂၇.၀၆၄ | -၇၁,၈၈၇.၄၀၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၆,၁၇၇.၃၇၁ | ၁၅၈,၅၇၀.၄၀၁ | -၁၄၂,၃၉၃.၀၃၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၈၂,၅၈၅.၃၀၆ | ၄၂၄,၂၈၀.၆၆၇ | -၄၁,၆၉၅.၃၅၁ |
| ၁၃ | ရှမ်းပြည်နယ် | ၄၀,၂၁၀.၉၂၇ | ၂၅၈,၈၄၀.၇၀၉ | -၂၁၈,၆၂၉.၇၈၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၂၉,၅၄၄.၁၂၃ | ၁၄၇,၁၄၁.၁၀၈ | -၁၁၇,၅၉၆.၉၈၅ |
| | **ပေါင်း** | **၇၆၇,၃၆၀.၅၈၂** | **၂,၄၇၄,၉၄၀.၉၇၈** | **-၁,၇၀၇,၅၈၀.၃၉၆** |
| ၁၅ | ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းခြင်း (ထောက်ပံ့ငွေ) | **၁,၇၀၇,၅၈၀.၃၉၆** | | **+၁,၇၀၇,၅၈၀.၃၉၆** |
| | **စုစုပေါင်း** | **၂,၄၇၄,၉၄၀.၉၇၈** | **၂,၄၇၄,၉၄၀.၉၇၈** | |

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေ ( Other Account )လက်ကျန်အခြေအနေအရ အသုံးစရိတ်ကျခံသုံးစွဲရမည့်အခြေအနေ

၁။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေ ( Other Account ) လက်ကျန်အခြေအနေအရ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) သာမန်အသုံးစရိတ်အားလုံးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးတို့ကို မိမိကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရန်နှင့် ကျန်ကြွေးမြီအသုံးစရိတ်များကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့်ကျခံသုံးစွဲရမည့်အဖွဲ့အစည်းများ-

(၁) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊

(၂) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊

(၃) မြန်မာ့သစ်လုပ်ငန်း၊

(၄) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊

(၅) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊

(၆) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊

(၇) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊

(၈) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း။

(ခ) သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၊ ကုန်သွယ် လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ် / လုပ်ငန်း ဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို မိမိ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရန်နှင့် ကျန်သာမန်အသုံးစရိတ် (လစာ စရိတ်၊ လုပ်ခ၊ ပင်စင်၊ ပြည်ပချေးငွေပေါ်အတိုးပေးငွေ) ၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရမည့် အဖွဲ့ အစည်းများ-

(၁) မြန်မာ့မီးရထား၊

(၂) ကုန်းလမ်းပို့ဆောင်ရေး၊

(၃) မြန်မာ့စာတိုက်လုပ်ငန်း၊

(၄) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊

(၅) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊

(၆) မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊

(၇) အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊

(၈) အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊

(၉) အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊

(၁၀) မြန်မာ့ဆေးဝါးလုပ်ငန်း။

(ဂ) သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း အသုံးစရိတ်၏ ၅၀%၊ ကုန်ထုတ်လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေတို့ကို မိမိကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရန်နှင့် ကျန်သာမန် အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီ အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရမည့် အဖွဲ့အစည်းများ-

(၁) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊

(၂) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း။

(ဃ) မိမိဘဏ္ဍာရန်ပုံငွေဖြင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မလုံလောက်ပါက လိုအပ်သော ငွေကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် နိုင်ငံတော်ဘဏ်များမှ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချေးငွေများရယူ ဆောင်ရွက်နိုင်ပြီး ထိုချေးငွေများ အတွက် အတိုးနှုန်းမှာ တစ်နှစ်လျှင် ၄% ဖြစ်ပါသည်။ ထိုချေးယူသုံးစွဲထားသော ငွေကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် အတိုးနှင့် အရင်းပါ ပြန်လည်ပေးဆပ် ရပါမည်။

(င) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သာမန်စာရင်း (ငွေသားစာရင်း) ရေးဆွဲ ရာတွင်ရငွေအပိုင်း၌ လုပ်ငန်းသုံးရင်းနှီးငွေဖြင့် လုပ်ငန်းလုပ်ကိုင်၍ရရှိသော ရငွေများ ကိုထည့်သွင်းဖော်ပြရန်ဖြစ်ပြီး အသုံးစရိတ်ပိုင်းတွင် လုပ်ငန်းသုံးရင်းနှီး ငွေဖြင့် သုံးစွဲမည့်အသုံးစရိတ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်သုံးစွဲမည့် အသုံးစရိတ် ဟူ၍ ခွဲခြား ဖော်ပြပေးရန် ဖြစ်ပါသည်။ အရှုံးအမြတ်စာရင်းတွင် အမြတ်ပေါ်ပါက အသားတင် အမြတ်၏၂၅%ကို ဝင်ငွေခွန်၊ အသားတင်အမြတ်၏ ၂၀% ကို နိုင်ငံတော်သို့ ထည့်ဝင်ငွေ အဖြစ်ထည့်ဝင်ပြီး ကျန်အသားတင်အမြတ်ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောအခါ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်သို့ သယ်ဆောင် နိုင်ပါသည်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်သို့ထည့်ဝင်ငွေကို (၃) လပတ်တစ်ကြိမ်နှုန်းဖြင့် (၄) ကြိမ်ခွဲ၍ ထည့်ဝင်ရမည်ဖြစ်ပါသည်။

(စ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ကျခံသုံးစွဲရာတွင် မိမိဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲသည်ဖြစ်စေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲသည်ဖြစ်စေ သတ်မှတ်လျာထားပေးသော အသုံးစရိတ်လျာထားချက်ဘောင်အတွင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။